# ကျမ်းဦးပလ္လင်

### တိပိဋကံ ဗုဒ္ဓဝစနံ စိရံ တိဋ္ဌတု

ပုံနှိပ်အဖြစ်သို့ မရောက်ဘူးသေးပဲ တိမ်မြုပ်နေသည့် ပိဋကစာပေ (ပေမူ) တို့ကို ပုံနှိပ် အဖြစ်သို့ ဖော်ထုတ် ပူဇော်၍ ပရိယတ္တိသာသနာတော်ကို အားဖြည့်ရန်–ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သော **ပိဋကဗျူဟာအဖွဲ့** ၏ ပဉ္စမဆုံးကျမ်းစာအဖြစ် မ-ကာရ-လာပ အကျော်- တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ **ကလျာဏီကျောက်စာ မြန်မာပြန်** (ပေမူ) ကို ပုံနှိပ်အဖြစ်သို့ ဖော်ထုတ်၍ ပူဇော်လိုက်ပါသည်။

၁။ ကလျာဏီ ကျောက်စာ မြန်မာပြန်ကို မဖတ်ရှု မလေ့လာမီ ကလျာဏီသိမ်တော်ကြီးနှင့် ကလျာဏီကျောက်စာတို့ ဖြစ်ပေါ်လာပုံ **ကလျာဏီနိဒါန်း** ကို ကြိုတင်လေ့လာထားနိုင်ရန် ပိဋကဗျူဟာ-စာပေဦးဆောင်အဖွဲ့မှ ကြိုးပမ်း၍ လမ်းခင်း ပေးထားပါသည်၊ ကလျာဏီနိဒါန်းကို ကြိုတင်ဖတ်ရှုထားပါလျှင် ကလျာဏီကျောက်စာ မြန်မာပြန်ကို ဖတ်ရှုသောအခါ စာပေအရသာပိုမို ပီပြင်လာလိမ့်မည်ဟု မျှော်လင့်ပါသည်။

၂။ ကလျာဏီနိဒါန်းကို ဖတ်ရှုလေ့လာပြီးပါက ရာမာဓိပတိ တွင်ခံ သာသနာပြုဓမ္မစေတီမင်းကြီးနှင့် ရင်းနှီးပြီးသား ဖြစ်သွားပါလိမ့်မည်၊ စာရှုသူနှင့် ရင်းနှီးလာသော ဓမ္မစေတီမင်းကြီး အကြောင်းကို အတိအကျ သိလိုသော ဆန္ဒ ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာပါလိမ့်မည်၊ ထိုဆန္ဒကို အဆင်သင့်ဖြည့်စွက်ရန်အတွက်ပိဋကဗျူဟာ-စာပေဦးဆောင်အဖွဲ့မှ **ဓမ္မစေတီမင်းကြီး၏ အဋ္ဌုပ္ပတ္တိအကျဉ်း**ကို စာလမ်းခင်းပေးထားပါသည်။

၃။ ကလျာဏီနိဒါန်းနှင့် ဓမ္မစေတီအဋ္ဌုပ္ပတ္တိတို့ကို ဖတ်ရှုပြီးသောအခါ ကလျာဏီ သိမ်တော်ကြီးနှင့် ကလျာဏီကျောက်စာအကြောင်းတို့ကို ကောင်းကောင်းကြီး သိထားရန် အချိန်တော်လောက်ပါပြီ၊ ကလျာဏီကို လေ့လာရာတွင် ကလျာဏီကပြောသော ကလျာဏီကို လေ့လာခွင့်ရမှ ပိုမိုပီပြင်နိုင်ပါသည်၊ ထို့ကြောင့် ဤနေရာတွင် ဤကျမ်း၏ ပဓာနအခန်း ဖြစ်သည့် ကလျာဏီကျောက်စာ မြန်မာပြန် (စာကိုယ်) ကို အားပါးတရ လေ့လာဖတ်ရှုရန် တင်ဆက်အပ်ပါသည်။

၄။ ဆရာတော်ခင်ကြီးဖျော်သည် ကလျာဏီကျောက်စာကို မြန်မာပြန်ရာတွင် တောင်းပန်သူ ရှင်ဘုရင်နှင့်သင့်တော်ရုံမျှကိုသာ ရွေးချယ်စီစဉ်ခဲ့ပါသည်၊ ဤတွင် ကလျာဏီကျောက်စာ မြန်မာပြန်ကို အပြည့်အစုံ လေ့လာလိုသူများအတွက် စာပေအခက်အခဲ ရှိလာရပြန်ပါသည်၊ ဤအခက်အခဲကို ဖြေရှင်းရန် ပိဋကဗျူဟာ- စာပေဦးဆောင်အဖွဲ့မှ (ကလျာဏီ ကျောက်စာ မြန်မာပြန်) **အောက်ခြေမှတ်ချက်** ကို ကြိုးပမ်း ပေးထားပါသည်၊ မူရင်း မြန်မာပြန်စာကိုယ်နှင့် အောက်ခြေမှတ်ချက် မြန်မာပြန်တို့ကို သက်ဆိုင်ရာ အမှတ်အသားတို့ဖြင့် ကြည့်ရှု တိုက်ဆိုင် လေ့လာပါက ပြီးပြည့်စုံပါပြီ။

၅။ ပိဋကဗျူဟာအဖွဲ့သည် ပုံမနှိပ်ဘူးပဲ တိမ်မြုပ်နေသည့် ပိဋကစာပေ (ပေမူ) တို့ကို ပုံနှိပ်ဖော်ထုတ်ရန် ဖွဲ့စည်းခဲ့သော သာသနာရေးအဖွဲ့ ဖြစ်ပါသည်၊ ထို့ကြောင့် ပိဋကဗျူဟာအဖွဲ့ဝင်များနှင့် စေတနာရှင် များသည် ရှည်လျားလှစွာသော ပိဋကစာပေသမိုင်းကြီးကို အချိန်တိုတိုနှင့် လိုရင်းကျကျ လေ့လာထားရန် လိုအပ်သည်ဟု ယူဆပါသည်၊ ထိုပိဋကစာပေသမိုင်းကြီးကိုအလွယ်တကူ အနီးကပ် လေ့လာသုံးသပ်နိုင်ရန် အတွက် ပိဋကဗျူဟာ စာပေဦးဆောင်အဖွဲ့မှ **ပိဋကနိဒါန်းနှင့် ပိဋကဗျူဟာနိဒါန်းကြီး** ကို ဤပွဲဦးထွက်ကျမ်းတွင် ကြိုးပမ်းပေးထားပါသည်၊ ထိုနိဒါန်းကြီးက သမိုင်းကြောင်းများစွာကို အချိန်တိုတိုနှင့် အဖြေပေးရင်း ပိဋကဗျူဟာ အကြောင်းကို အသေးစိတ် ပြောပြပါလိမ့်မည်၊ တနည်းအားဖြင့် ပိဋကသမိုင်း ရေစီးကြောင်းကြီးအတိုင်း စုန်ဆင်းလာခဲ့ပါက ပိဋကဗျူဟာ၏ အနီးကပ်အသွင်အပြင်ကို ပီပီပြင်ပြင် တွေ့မြင်ရမည် ဖြစ်ပါသည်။

ပိဋကဗျူဟာအဖွဲ့